# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၂၆) ရက်မြောက်နေ့အစီအစဉ်

# ( ၂၀ - ၇ -၂၀၂၆ ) ( တနင်္လာနေ့) နေ့လယ် ၁၃:၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးလှဝင်းဦး၊ ပခုက္ကူမဲဆန္ဒနယ်၏ **ပခုက္ကူမြို့အနောက်ဘက်ရှိ ကျွန်းဦး၊ စပယ်ဦးနှင့် ကျွန်းညိုရွာသစ်ကျေးရွာများအား ရေကြောင်းပြောင်းခြင်းနှင့် မြစ်ကမ်းထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးဝင်းဆွေ(ခ)ဦးဝင်းရွှေ၊ လပွတ္တာမဲဆန္ဒနယ်၏ **လပွတ္တာမြို့နယ်အတွင်းရှိ ဆားကျင်းချောင်း တိမ်ကောမှုအား တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးကျော်ကျော်အောင်၊ ဝိုင်းမော်မဲဆန္ဒနယ်၏ **ဝိုင်းမော်မြို့နယ် မြစ်ကမ်းဘေး နေရာများတွင် ရေကာတာမြစ်ကမ်းထိန်းနံရံ (၈၂၅၀)ပေအား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် အပြီးဆောင်ရွက်နိုင်ခြင်းမရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်မည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်ဆွေဆွေသင်း၊ ပေါင်းတည်မဲဆန္ဒနယ်၏ **ပေါင်းတည်မြို့နယ်၊ မြို့တွင်းရွာ အခြေခံမူလတန်းကျောင်းအား အ.မ.က(မူလွန်)/ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခင်မောင်မြင့်၊ တိုက်ကြီးမဲဆန္ဒနယ်၏ **တိုက်ကြီးမြို့နယ်အတွင်းရှိ ကျောင်းကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအား ကျောင်းဆောင်သစ် ဆောက်လုပ်ပေးပြီး မူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးထွန်းထွန်းနိုင်၊ စဉ့်ကိုင်မဲဆန္ဒနယ်၏ **စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးကျေးရွာရှိ အခြေခံပညာ(တွဲ)ကျောင်းအား မူလတန်းကျောင်း(ခွဲ)အဖြစ် ဖွင့်လှစ်နိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဒေါ်ဥမ္မာမို့မို့ဇော်၊ သဲကုန်းမဲဆန္ဒနယ်၏ **သဲကုန်းမြို့နယ် အင်းမ– ဆင်မြီးဆွဲ ကျေးလက်လမ်းမှ ကျန်ရှိသော(၁၄)မိုင်ခန့်အား နှစ်အလိုက် ဆက်လက် ခင်းပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) ဒေါက်တာထိန်ဝင်း၊ ကျောင်းကုန်းမဲဆန္ဒနယ်၏ **ကျောင်းကုန်းမြို့နယ် အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများဖြစ်သော ရေခလုတ်– ဒေါင့်ကြီးလမ်း၊ ရုံးတော– ပုဂံစုလမ်း၊ ပန်းတောရိုး– ဝက်ခြံဂယက်လမ်းများအား အဆင့်မြှင့် တင်ပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် မည်မျှဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဈ) ဦးလှမြင့်၊ မတ္တရာမဲဆန္ဒနယ်၏ **မတ္တရာမြို့နယ်ရှိ တံငါတံတားအား ပြန်လည် တည်ဆောက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ ဒေါက်တာရွှေပြည်စိုး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်က တင်သွင်းသည့် **"အခွန်စနစ်နှင့်ပတ်သက်၍ အခွန်ထမ်းပုံစံအမျိုးမျိုးကို တိကျလွယ်ကူစွာ ပေးသွင်း ထမ်းဆောင်ကြရန်လိုအပ်ကြောင်း၊ My Myanmar အမည်တပ် ဘားကုတ်စနစ်သုံး ဒီဂျစ်တယ်(အခွန်ထမ်း)ကတ်ဖြင့် အခွန်ငွေများကို ဖြတ်တောက်ကောက်ခံ သင့်ကြောင်း၊ ခေတ်မီအလိုအလျောက် ဖြတ်တောက်စနစ်ကို အသုံးပြုသင့်ကြောင်း**

**တင်ပြပြီး အစိုးရနှင့် ပုဂ္ဂလိကဘဏ်စနစ်များ၊ ငွေကြေးလည်ပတ်ပုံ၊ ငွေကြေး စီးဆင်းပုံ၊ ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲစနစ်များကို အထူးတိကျစွာ အသုံးပြုနိုင်ရေး ကြိုးပမ်းသင့်ကြောင်း အကြံပြုအဆို"**ကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဒေါက်တာနေလင်း၊ မှော်ဘီ မဲဆန္ဒနယ်၊

(ခ) ဦးစန်းမောင်၊ ဘိုကလေး မဲဆန္ဒနယ်၊

(ဂ) ဦးဉာဏ်ဝင်းထိုက်၊ ဗိုလ်တထောင် မဲဆန္ဒနယ်၊

(ဃ) ဦးအေးချမ်း၊ လှိုင်သာယာ (အရှေ့ပိုင်း) မဲဆန္ဒနယ်၊

(င) ဦးစောဟေသားကြီး၊ သံတောင်ကြီး မဲဆန္ဒနယ်၊

(စ) ဒေါက်တာကျော်ဆွေ၊ တောင်တွင်းကြီး မဲဆန္ဒနယ်၊

(ဆ) ဒေါ်သန်းသန်းအေး၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၊

(ဇ) ဦးအောင်ကျော်သူ၊ မလှိုင် မဲဆန္ဒနယ်၊

(ဈ) ဒေါ်မြင့်စန္ဒာအောင်၊ မြောင်းမြ မဲဆန္ဒနယ်။

၈။ ဒေါက်တာရွှေပြည်စိုး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း၊

၉။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က **"ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"**ကို တင်သွင်းခြင်း၊

၁၀။ **"ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသည့် **"ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၂။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၂၆) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၇) ရက် မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။